# မယ်ဗမာ

ဝင်းငြိမ်း

# MISS BURMA

Charmaine Craig



# မြန်မာပြန်သူ၏ အမှာ

အမေရိကန်နိုင်ငံမှ စာရေးဆရာမ ရှာမိန်းခရိုတ် ရေးသားသည့် Miss Burma စာအုပ်ကို Amazon တွင် ၂၀၁၇ ခုနှစ် ဧပြီလ တတိယပတ်ကတည်းက ကြော်ငြာတွေ့ခဲ့သည် ။ သို့သော် မေလဆန်းမှ ထုတ်ဝေမည်ဟု ဆိုပါသည် ။ ဝယ်ယူရန် ကြိုတင်စာရင်းသွင်းခဲ့သည် အထိ ထိုစာအုပ်မှ မြန်မာနိုင်ငံ၌ ထင်ရှားခဲ့သော မယ်ဗမာ နော်လူဝီဇာဘင်ဆင်၏ အတ္ထုပ္ပတ္တိဖြစ် လိမ့်မည်ဟု မသိရှိခဲ့ပါ။ မဟာစာပေကလည်း မည်သို့သောစာအုပ် ဖြစ်မည်ကို မသိရှိခဲ့ပေ။ သို့သော် မဟာစာပေသည် ကျွန်တော် ဘာသာပြန်ဆိုသည့် **ဗမာ့ဟယ်လင်**နှင့် **ဗမာ့စောင်း** စာအုပ်များကို ထုတ်ဝေခဲ့ဖူးသဖြင့် မြန်မာပြည်နှင့် ပတ်သက်လိမ့်မည်ဟု တထစ်ချယုံကြည်ကာ Miss Burma ကို ဘာသာ ပြန်ဆိုပေးရန် ကမ်းလှမ်းခဲ့ပါသည် ။ ကျွန်တော်ကလည်း **မယ်ဗမာ** ဟု ခေါင်းစဉ်ချက်ချင်းပေးကာ လက်ခံခဲ့ပါသည် ။

စာအုပ်ထွက်ချိန် စာမြည်းဖတ်လိုက်သောအခါ ကျွန်တော်တို့ သိရှိခဲ့သော မယ်ဗမာ ရုပ်ရှင်မင်းသမီး နော်လူဝီဇာဘင်ဆင်၏ အတ္ထုပ္ပတ္တိကို ရေးသားထားခြင်းဖြစ်ပြီး စာရေးဆရာမမှာ နော်လူဝီဇာဘင်ဆင်၏ သမီးဖြစ်သည် ဟု သိရှိလိုက်ရသဖြင့် ဘာသာပြန်ဆိုခွင့် တောင်းခံခဲ့ပါသည် ။ သူက ကိုယ့်မသိ၊ ကိုယ်က သူ့မသိဖြစ်သဖြင့်

မည်သည့်စာအုပ်များ ဘာသာပြန်ဆိုခဲ့ဖူးကြောင်း အထောက်အထား တောင်းဆိုသဖြင့် ကျွန်တော်က အဆက်ဖြတ်လိုက်ပြီး ထုတ်ဝေသူက သာ ကျွန်တော့်စာအုပ်များ ၏ မျက်နှာဖုံးများကို ပေးပို့ခဲ့သဖြင့် ဘာသာပြန်ဆိုခွင့် ပြုခဲ့ပါသည်။

စိတ်ဝင်စားဖွယ်ကောင်းလှသော နော်လွီဇာဘင်ဆင်၏ အတ္ထုပ္ပတ္တိ တွင် စာရေးသူက သူ့မိခင်အကြောင်းသာမက အဘိုးအဘွားတို့ အကြော င်းကိုပါ ထည့်သွင်းရေးသားထားသည် ကို တွေ့ရပါသည်။ မလွဲနိုင် မ ရှောင်နိုင်အောင် တွေ့ရသည် မှာ ကရင်နှင့် ဗမာ ထိပ်တိုက်တွေ့ဆုံမှုများ ဖြစ်ပါသည်။ တချို့အကြောင်းအရာများမှာ သိ ခဲ့ဖူးသည့် အကြောင်းအရာများ ဖြစ်ပြီး တချို့ အကြောင်းအရာတို့ မှာ မ သိသေးသည့်ကိစ္စများ ဖြစ်သည်။ မည်သို့ဆိုစေ၊ နော်လွီဇာဘင်ဆင်၏ အတ္ထုပ္ပတ္တိကို ဘာသာပြန်ဆိုရင်း သမိုင်းဝင်သော်လည်း မှတ်တမ်းမရှိသ ည့် အချက်အလက်တချို့ကို သိရှိလိုက်ရသဖြင့် ကျေနပ်မိပါသည်။

နော်လွီဇာဘင်ဆင်ကို လက်ထပ်ယူသွားသော ကရင်စစ်ဗိုလ်ချုပ်မှာ ထိုစဉ်က လင်းထင်ဟု ကျွန်တော်တို့ သိခဲ့ပြီး ယခုစာအုပ်တွင် လင်းထင် (ခ)လင်တန်ဟု တစ်နေရာတည်းတွင် သာ သုံးစွဲကာ တောက်လျှောက် လင်တန် အဖြစ်သာ သုံးစွဲသွားသည် ကို တွေ့ရပါသည်။ တက္ကသိုလ် ကျောင်းသားသမဂ္ဂ ဖြိုခွင်းသည် ကိုလည်း ဇာတ်ဝင်ခန်းအဖြစ် သိရှိလို က်ရသည်။ ငွေစက္ကူများ တရားမဝင် ကြေညာသဖြင့် ပြည်သူအများ ဒု က္ခရောက်ခဲ့ကြသည် ကိုလည်း သမိုင်းဝင်ဖြစ်ရပ်အဖြစ် ဖော်ပြထားသ ည် ကို ဖတ်ရှုကြရမည်ဖြစ်သည်။

စာရေးဆရာမ ရှာမိန်းခရိတ်သည် မြန်မာနိုင်ငံ နယ်စပ်အထိသာ ရောက်ဖူးသော်လည်း နေရာဒေသများကို တိတိကျကျ ရေးသားဖော်ပြ

ထားသဖြင့် မြန်မာဝတ္ထုတစ်ပုဒ်ကို ဖတ်နေရသကဲ့သို့ ခံစားရပါကြောင်း ကြိုတင် တင်ပြလိုက်ပါသည် ။

လေးစားစွာဖြင့်

ဝင်းငြိမ်း

*****



သေနတ်ကိုင်သည့် မယ်ဇမာ နော်လွီစာဘင်ဇင်



ပရိသတ်များကြားက နော်လွီဇာဘင်ဆင်



ကိုးကန့်စော်ဘွား၏သားတစ်ဦးနှင့်   နော်လွှီစာဘင်ဆင်

# နိဒါန်း

၁၉၅၆ ခုနှစ်။ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၏ အလယ်တွင် ဆောက်လုပ်ထားသော စင်မြင့်အလယ်၌ အသက်၁၅ နှစ်သာရှိသေးသော လွီဇာသည် ရပ်နေရင်း သူတို့လိုချင်တာကို ပေးရမယ် ဟူသော အသိဝင်လာသဖြင့် ရင်ကိုချီ၊ ခါးကိုကော့လိုက်ကာ တင်ပါးပေါ်ဘယ်လက်ကို ထောက်လိုက်သည် ။ ခေါင်းကလေးကို မော့လိုက်သဖြင့် ကြော့ရှင်းသောလည်တိုင်၊ ဖြူဖွေးဖြောင့်စင်းသော ပေါင်တံတို့ မှာ အမှောင်ချထားသော ထိုင်ခုံများ ပေါ်မှ ပရိသတ် လေးသောင်းတို့ ကို ရင်ဖိုစေခဲ့သည် ။

ပြိုင်ပွဲသို့ လာစဉ်က ကားပေါ်တွင် သူ့မာမာက သူတို့လိုချင်တာကို ပြလိုက်စမ်းပါသမီးရယ်ဟု ပြောခဲ့သောစကားမှာ သူစီးထားသည့် ငွေရောင်ဖိတ်ဖိတ်တောက်နေသည့် ဒေါက်ဖိနပ်(ပြိုင်ပွဲဝင်ရန် သူငယ်ချင်းတစ်ဦးထံမှ ငှားစီးခြင်းသာ) ကိုသာ ရည်ရွယ်ခြင်း မဟုတ်ကြောင်း လွီဇာ သဘောပေါက်သည် ။ သူဝတ်ထားသော အဖြူရောင် ရေကူးဝတ်စုံ (ရုပ်ရှင်မင်းသမီး အဲလစ်ဇဘက်တေလာ၏ ပုံစံ)အောက်မှ အသားအရေကို ကြည့်ချင် မြင်ချင်နေကြမှန်း လွီဇာ သဘောပေါက်ပါသည် ။ မာမာ့စကားသံတွင် မျှော်လင့်ချက်များ စွာ ပါဝင်နေသည် ဟု လည်း လွီဇာ ခံစားမိ၏ ။ လွီဇာရောက်နေသည့် နေရာမှာ မယ်ဗမာပြိုင်ပွဲ နောက်ဆုံးအဆင့် ပြိုင်ပွဲဖြစ်သည် ။ သတင်းသမားများက ဓာတ်ပုံတဖျပ်ဖျပ် ရိုက်နေကြ၏။ လွီဇာတစ်ကိုယ်လုံးမှာ အရှက်လုံရုံသာ ရှိသည် မို့ လွီဇာ ခပ်ရှက်ရှက်ပင် ။

ဒီရေအလား တဝေါဝေါတီးလိုက်ကြသည့် လက်ခုပ်သံများကြောင့် လွီဇာက မီးရောင်အလယ်သို့ ရောက်အောင် လှမ်းဝင်လိုက်ပြီး ပရိသတ်ကိုကျောပေးကာ လှည့်လိုက်သောကြောင့် နောက်ပိုင်းအလှကို မြင်ကြရသည် ။ လက်ခုပ်သံများ ပေါ်ထွက်လာပြန်သည် ။ သည် အလှကို ပိုင်ဆိုင်ရခြင်းကြောင့် ဂျူးသွေးပါသော သူ့ဒယ်ဒီကို ကျေးဇူးတင်မိပါသည် ။ ဒယ်ဒီသည် မာမာ့အပါးတွင် ထိုင်ကာ ပွဲခင်းတစ်နေရာတွင် ရှိပါလိမ့်မည် ။ သူ့ရှေ့မှ ပြိုင်ပွဲဝင် ကိုးဦးတို့ မှာ မီးမှောင်ချထားသည့်နေရာတွင် တန်းစီရပ်နေကြသည် ။ သူတို့ မှာ မှောင်ရိပ် အတွင်း ရပ်နေကြခြင်းဖြစ်သော်လည်း မျက်နှာများ တွင် လှပသော အပြုံးပန်းပွင့် များဝေဆာလျက်ရှိကြသည် ။ သတင်းစာများက လွီဇာ၏ အလှကို ပေါင်းစည်းခြင်းမှ ထွက်ပေါ်လာသော အလှဟု တင်စားကြသည် ။ လွီဇာကမူ ယခုကဲ့သို့ ထူးထူးခြားခြား တင်စားခြင်းကို မကြိုက်ချေ။ သူ့ကို လူမျိုးမတူသော မိဘနှစ်ပါး ပေါင်းစည်းမှုမှ ပေါက်ဖွားခဲ့သည် ။ ဒယ်ဒီက "တို့တစ်တွေက ဘယ်ပွဲမှာ မဆို နိုင်သင့်ပါလျက် ရှုံးရတာချည်းပဲ"ဟု ပြောခဲ့သည် ကိုလည်း လွီဇာ သတိရနေမိ၏။

လွီဇာ လှုပ်ရှားလိုက်ပြန်သည် ။ စင်မြင့်အလယ်မှ လှုပ်လီလှုပ်လဲ့လျှောက်ကာ စင်ရှေ့နားသို့ ရောက်လာသည် ။ ရှေ့နားမှ ပရိသတ်တို့ ၏ဆေးလိပ် မီးခိုးငွေ့များကြောင့် တိမ်များ ပေါ်သို့ ရောက်နေသည့်အလားရှိနေရာက ဒယ်ဒီနှင့် မာမာတို့ ရှိနေမည့် နေရာသို့ လှမ်းကြည့်လိုက်သောအခါ ဒယ်ဒီသည် မာမာ့အနားတွင် ရှိမနေဘဲ သီးခြားထိုင်နေပြီး သမီးလှုပ်ရှားသည် များကို မျက်တောင်မခတ် ကြည့်နေ၏။ ပြောင်နေသော သူ့ခေါင်းကို စောင်းငဲ့ကာ ကြည့်နေပါသည် ။ ဒယ်ဒီက စိုးရိမ်သောကများ စွာနှင့် ကြည့်နေသည် ။ ထိုင်ခုံပေါ်တွင် ကျကျနနထိုင်နိုင်ခြင်းမရှိဘဲ ဖင်တကြွကြွဖြစ်နေသည့်ပြင် နှုတ်မှ လည်း အားမလိုအားမရ

တလှုပ်လှုပ် တရွရွ ဖြစ်နေသည် ကို မြင်ရ၏။

ရှေ့ဆုံးတန်းတွင် နေရာယူထားကြသော ဒိုင်များ ၏ အပြုံးများက ချိုမြနေသည် ။ ဧည့်သည် တော်များက လက်ထဲတွင် အဝေးကြည့်မှန်ပြောင်းများကို စစ်သည် တော်များ ၏ လက်တွင်းမှ သေနတ်များကဲ့သို့ မလွတ်တမ်း ကိုင်ထားကြပြီး အဖြူရောင်ရေကူးဝတ်စုံဖြင့် အရှက်လုံရုံသာဝတ်ထားသော လွီဇာ၏ အရေပြားကို ထွင်းဖောက်မြင်ရနိုး ကြည့်နေကြသည် ။

မိနစ်အတော်ကြာသောအခါ လွီဇာ့ဦးခေါင်းထက်မှာ သရဖူဆောင်းပေးခြင်းခံလိုက်ရပြီး စလွယ်တစ်ခုကိုလည်း ပခုံးထက်တွင် ချိတ်ဆွဲပေးခြင်း ခံရချိန်၌ ကင်မရာများမှ မီးတို့ ဝင်းလက်သွားကြ၏။ ရင်ခွင်ထဲသို့ နှင်းဆီပန်းတစ်စည်း ရောက်ရှိလာခဲ့သည် ။ ထိုအချိန်တွင် မှောင်ရိပ်ထဲမှ ပရိသတ်တစ်ဦးက "မယ်ဗမာ ...ကွ" ဟု အော်ဟစ် ကင်ပွန်းတပ်ပေးသံကို ကြားလိုက်ရတော့သည် ။

*****

# အပိုင်း - ၁
# ပြောင်းလဲခြင်းများ
# ၁၉၂၆ – ၁၉၄၃

## အခန်း(၁)
## လက်ဝှေ့သမား

လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ဆယ်နီးပါးအချိန်က လွိဇာ၏ ဖခင်သည် လွိဇာ၏ မိခင်ကို စစ်တွေမြို့ ဆိပ်ခံဗောတံတားတစ်ခုတွင် ပထမဆုံးအကြိမ် စတင်မြင်တွေ့ခဲ့ဖူးသည် ။ မိခင်ကို တွေ့သည် ဆိုသော်လည်း မိခင်၏ ဆံပင်များကို ဦးစွာသတိထားမိခြင်းသာ ဖြစ်၏။ အနက်ရောင် ဖိတ်ဖိတ်တောက်နေသော သန်စွမ်းလှသည့်ဆံပင်တို့ သည် ရွှံ့ပေနေသော ဖြူဖွေးသည့်ဖနောင့် သို့တိုင် ရှည်လှသည် ။ သူ မလှုပ်မယှက်ငြိမ်သက်သွားပြီး "ဘုရားသခင်သည် ငါတို့ အားလုံးကို ချစ်တော်မူသည် ။ သူနှင့် ငါ့ကိုမူ တစ်ပေါင်းတစ်စည်း တစ်ဦးတည်းကဲ့သို့ ချစ်တော်မူပါစေသတည်း"ဟု တမ်းတမိလိုက်သည် ။

ထိုအဆိုအမိန့်မှာ စိန့်ဩဂတ်စတင်း၏ အဆိုအမိန့်ဖြစ်ပြီး သူသည် န

စ်သက်ဖွယ်ရာ တစ်စုံတစ်ခုကိုတွေ့လေတိုင်း ရွတ်ဆိုနေကျပင်ဖြစ်သည် ။ သူသည် ထိုအဆို အမိန့်ကို ငယ်ရွယ်စဉ် ရန်ကုန်မြို့ရှိ ဂျူးလူမျိုးအများစု နေထိုင်ရာ စစ်ကဲမောင်ထော်လေးလမ်း(ယခု ဗိုလ်ဆွန်ပက်လမ်း)တွင် နေထိုင်စဉ်ကတည်းက ယုံကြည်သက်ဝင်ခဲ့သည် ။ ထိုစဉ်ကာလကို သူမှတ်မိသရွေ့မှာ စိတ်ကျေနပ်မှုမရနိုင်သော အဘိုးက နံနက်တိုင်း ကျမ်းစာဖတ်လေ့ရှိပြီး ဖေဖေကမူ အီးဆော်လမွန်နှင့် သားများ ဆိုသည့် ဆိုင်၏ ငွေသိမ်းကောင်တာနောက်တွင် အလုပ်များ နေလေ့ရှိပြီး မေမေကမူ အညိုရောင် မျက်ကွင်းများ နှင့် တစ်ဦးတည်းသော သူ့သားကို ထိန်းကျောင်းနေလေ့ရှိသည် ။ သူ့မှာ မွေးချင်းများ ရှိသော်လည်း သူ ခုနစ်နှစ်သားအရွယ် ၁၉၂၆ ခုနှစ်တွင် သာမန် အဖျားရောဂါများ ဖြင့် ကွယ်လွန်ခဲ့ကြခြင်းကြောင့် တစ်ဦးတည်းသော သားဖြစ်နေကာ နေရာတကာတွင် မေမေက "သတိထားနော် ဘယ်နီ" ဟု အစိုးရိမ်လွန်ကဲနေခြင်းပင်။

သူတစ်ခုခုလုပ်လိုက်တိုင်း "သတိထား ဘယ်နီ" ဆိုသည့် စကားကို ရွတ်ဆိုလေ့ရှိသော မေမေ၏ ထိန်းကျောင်းမှုအောက်တွင် သူ ကြီးပြင်းခဲ့ရသည် ။ သူ့ကို ကာလကတ္တားမြို့ မဲန်းဂိုးလမ်းရှိ မေမေ့ဘက်က တော်စပ်သော အဒေါ်များ ထံ ပို့ခဲ့ကြသည် ။ အဒေါ်များမှာ ကွယ်လွန်သူ မြို့မျက်နှာဖုံး ဂျူးဆရာတော်၏ သမီးများ ဖြစ်သဖြင့် မျက်နှာပွင့်ကြသည် ။ အဒေါ်များက ထိန်းကျောင်းပုံက မေမေထိန်းကျောင်းပုံနှင့် မတူပေ။ မိမိစိတ်ကြိုက် လွတ်လပ်ခွင့်ပေးထားသဖြင့် လက်ဖွေ့ထိုးဖြစ်သည် ။ သူတက်ခွင့်ရသော ဂျူးအလယ်တန်းကျောင်းတွင် အခြား ဂျူးကလေးများက သူစကားပြော ပုံမှာ သူတို့ နှင့်မတူသဖြင့် စကြ နောက်ကြသည် ။ သူကလည်း ရတ်တရက် အာမေဍိတ်သံများ ထွက်သည့်အခါ သူတို့ နားမလည်သော ဗမာစကားများ ထွက်ထွက်သွားတတ်၏။ လက်ဖွေ့ထိုး တတ်လာသောအခါ သူက ပြဿနာများကို လက်သီးနှင့် ဖြေရှင်းခြင်းကြောင့်

ဂျူးသွေးတို့ ပြဿနာမှာ အိမ်ထိအောင်ပါလာတတ်သည် ။ ဂျူးတစ်ယောက်၏ လက်တွင် ဂျူးသွေးစွန်းခဲ့ပြီ။ ထို့ကြောင့် အဒေါ်များက အနီးစပ်ဆုံး စိန့်ဂျိမ်းစ်ကျောင်းသို့ ကျောင်းအိပ်ကျောင်းစား ပို့ထားလိုက်ကြ၏။ ထိုကျောင်းတွင် သူဝါသနာပါသော လက်ဝှေ့သင်ကြားပေးသည့်အပြင် သွားရေးလာရေးလွယ်ကူသောကြောင့် အဒေါ်များ အတွက်လည်း အဆင်ပြေလှသည် ။ သို့သော် ထိုကျောင်းမှာ ယခင်ကျောင်းကဲ့သို့ ဂျူးဘာသာကျောင်းမဟုတ်ဘဲ ခရစ်ယာန်ကျောင်း ဖြစ်သည် ။ ထို့ကြောင့် သူ့လက်တွင် နောက်ထပ်ဂျူးသွေးတို့ စွန်းပေခြင်း မရှိတော့ပေ။

ကျောင်းပြောင်းခဲ့ခြင်းမှာ သူ့အတွက် မှန်ကန်သည် ဟု ဆိုရပါမည်။ နောက် ငါးနှစ်အကြာတွင် သူ့လက်သီးတွင် ဂျူးသွေးတို့ သာမက ဘင်္ဂါလီသွေး၊ အင်္ဂလိပ်သွေး၊ ပန်ဂျာဘီသွေး၊ တရုတ်သွေး၊ တမိလ်သွေး၊ ဂရိသွေး၊ မာရဝါရီသွေး၊ ပေါ်တူဂီသွေး၊ အမေရိကန်သွေးတို့ စွန်းထင်းခဲ့ကြတော့သည် ။ အထူးသဖြင့် အာမေနီယန်သွေးက များ လှသည် ။

ဘင်ဂေါလ်ဒေသ ကောလိပ်ကျောင်းပေါင်းစုံ လက်ဝှေ့ပြိုင်ပွဲတွင် ဘင်ဂေါလ်ကျားဟု တင်စားကြသည့် ကီရော့ဘ်အဗ္ဗဒူလီယန်နှင့် ဘယ်နီတို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ ဘယ်နီ၏ လက်သီးဒဏ်ကြောင့် မျက်နှာမှာ စုတ်ပြတ် သွားသည် အထိ ခံလိုက်ရ၏။ ပထမအချီ စထွက်ချိန်တွင် အာမေနီယန် လက်ဝှေ့သမားက ဘယ်လက်သီးဖြင့် ဘယ်နီ၏ မေးဖျားကို ထောက်လိုက်သည် ။ ထိုစဉ်ကာလက မိဘနှစ်ပါးကွယ်လွန်ပြီးစဖြစ်၍ ဘယ်နီသည် တစ်ကိုယ်တည်း ကြေကွဲဝမ်းနည်းနေချိန် ဖြစ်သည် ။ ဘယ်နီက ဘယ်လက်သီးဖြင့် တုံ့ပြန်လိုက် သည် ။ မိဘမဲ့ဆိုသော စကားလုံးအတွက် နောက်ထပ် လက်သီးတစ်လုံး ပစ်သွင်းလိုက်ပြန်ပါသည် ။ ထိုစကားလုံးမှာ ဘယ်နီ အသည်းခိုက်အောင် နာကျင်သော စကားလုံးပ

င်။ အတန်းဖော် သူငယ်ချင်းများက ဘယ်နီ ဆတ်ဆတ်ခါနာသော ထိုစကားလုံးဖြင့် စတတ်ကြသည် ။ ထိုစကားလုံးအတွက် ဘယ်နီက ပြိုင်ဘက်အပေါ် လက်သီးတွေ တစ်လုံးပြီးတစ်လုံး ပစ်သွင်းလိုက်၏။ ရော့... ဒါက ငါ့မိဘအတွက်။ ဒါက ငါ့ အဒေါ်တွေအတွက်။ ငါ့ အဘိုးအဘွားတွေအတွက်။ ဒါက ယဉ်ကျေးပါတယ်ဆိုတဲ့ နယ်ချဲ့ ဗြိတိသျှနိုင်ငံသားတွေအတွက်။ တစ်လုံးပြီးတစ်လုံး ပစ်သွင်းနေသော လက်သီးချက်များက ကျားဘွဲ့ခံ ကီရော့ဘ် ကို ကြမ်းပြင်ပေါ်သို့ လဲမသိပ်နိုင်သေးပါ။ ကီရော့ဘ်ကို ကြမ်းပြင်ပေါ်သို့ လဲကျသွားအောင် စွမ်းဆောင်နိုင်သော လက်သီးမှာ ယှဉ်ပြိုင်ထိုးသတ်နေစဉ် အတွင်း ပြိုင်ပွဲကျင်းပရာသို့ ဝင်ရောက်လာသော အဒီလာအမည်ရှိ ငယ်ရွယ်နုပျိုသော သီလရှင်ကလေးကို မြင်တွေ့လိုက်ရခြင်းကြောင့် ဖြစ်သည် ။ အဒီလာကို ဘယ်နီ စကားပြောခဲ့ပါသည် ။ သို့သော် အဒီလာသည် သူလက်ဝှေ့ထိုးသည့်အခါတိုင်း လာရောက်အားပေးလေ့ ရှိသည် ကို ဘယ်နီ သတိထားမိသည် ။

သူယှဉ်ပြိုင်သည့်ပွဲများ သာမက တစ်ခါတစ်ရံတွင် သူလေ့ကျင့်သည့်နေရာသို့ပင် ရောက်လာတတ်ခြင်းကြောင့် သူ့သဘောကို ဘယ်နီ စဉ်းစားရ ခက်လှပါသည် ။ အားမာန်အပြည့်နှင့် ထိုးလိုက်ခြင်းကြောင့် ကီရော့ဘ် လဲပြိုကျသွားခဲ့ပြီ။ ကြိုးဝိုင်းဒိုင်က သူ့လက်ကိုဆွဲကာ အနိုင်ရသူအဖြစ် ကြေညာလိုက် သောအခါ ကျောင်းသားများက အော်ဟစ်အားပေးကြသော်လည်း ပွဲကြည့်စင်၌ ထိုင်အားပေးနေသော အဒီလာက တစ်နေရာသို့သာ ငေးစိုက်နေသည် ကို ဘယ်နီ သတိပြုမိလိုက်၏။ သူငေးစိုက်ကြည့်နေသည် မှာ ဘယ်နီ၏ ဖူးရောင်နေသော နှုတ်ခမ်းများ ပင်။ ကီရော့ဘ်က ညာလက်သီးတစ်လုံး ဘယ်နီမျက်နှာကို ပစ်သွင်း လိုက်နိုင်သဖြင့် မျက်နှာဖူးရောင်ကာ နှုတ်ခမ်းပေါက်ခဲ့ရသည် ။ အဒီလာက ကီရော့ဘ်ကို စိတ်ဆိုးနေရော့သလား။ ကျောင်းသားပရိသတ်က ကြိုးဝိုင်း

အတွင်းထိ ဝင်ကာ သူ့ကို ချီမ,ချီးကျူးနေကြချိန်တွင် အဒီလာက ပရိသတ်ကြား မှ ခပ်လျှိုလျှို ထွက်ခွာသွားခဲ့ချေပြီ။ အများ သူငါ မသိလိုက်ကြသော်လည်း သူက သိလိုက်၏။

ထိုညတွင် ကျောင်းအုပ်ဆရာကြီးက သူ့ကိုဂုဏ်ပြုသည့် ညစာ တည်ခင်းပေးသည် ။ သိုးခြေထောက်ဟင်း၊ အာလူးဖုတ်၊ ပူတင်းတို့ နှင့် ကျွေးမွေးသည် ။ ထိုဟင်းလျာတို့ မှာ အနောက်တိုင်းဟင်းလျာများ ဖြစ်၍ ဘယ်နီ ခံတွင်း မတွေ့လှပေ။ ထို့ပြင် သူ့စိတ်က ဇွန်းခက်ရင်းကို ကျွမ်းကျွမ်းကျင်ကျင် ကိုင်ကာ စားသောက်နေသော အဒီလာထံသို့ စိတ်ရောက်နေခြင်းကြောင့်လည်း ဖြစ်သည် ။ အဒီလာက အခန်းထောင့်တစ်နေရာတွင် အခြားသီလရှင်များ နှင့် ဝိုင်းဖွဲ့ကာ စားနေသည် ။ သူ့ကိုကြည့်နေမိသော ဘယ်နီ၏ အကြည့်ကို အဒီလာ တစ်ကြိမ် လှည့်ကြည့်ရာ၌ သိသွားခဲ့သည် ။ အဒီလာ၏ အကြည့်မှာ စူးရှလှသဖြင့် သူ့မျက်နှာမှာ လက်သည်းနှင့် ကုတ်ခြစ်ခံရသကဲ့သို့ ထူပူသွားသည် ။ ကီတော် ၏ ညာဝိုက်လက်သီးဒဏ်ကြောင့် အောက်နှုတ်ခမ်းမှာ ပေါက်ပြဲလျက်ရှိရာ၊ အဒီလာက သူ့ကို မုန်းလို့ များ ဒီလိုကြည့်သည် လားဟု ပင် တွေးလိုက်မိပါသည် ။

သူ့အတွေးကို အဖြေပေးလိုက်သကဲ့သို့ ကြုံလာရသည် မှာ နောက်တစ် နေ့တွင် အဒီလာကို သူ့အဖေက အိမ်သို့ပြန်ခေါ်သွားခြင်း ဖြစ်သည် ။ အဒီလာက ပန်းနုရောင်ရင့်ရင့်ဆာရီကို ဝတ်ဆင်ထားပြီး အစကို သူမ၏ တင်ပါးပေါ်သို့ ချထား၏။ လည်ကုပ်တွင် ဆံပင်နုနုကလေးများ ခွေခွေကောက်ကောက်ရှိနေသည် ။ သူမြင်ဖူးသမျှသော မိန်းမများ ၏ လည်တိုင်များ ထဲတွင် အဒီလာ၏ လည်တိုင်သည် အလှဆုံးဟု ထင်ပါသည် ။ ဘုရင်မတစ်ပါး၏ လည်တိုင်ဟု ပင် တင်စားလိုက်ချင်ပါသည် ။ နောက်ထပ် ရက်သတ္တပတ်ပေါင်းများ စွာ အဒီလာကို သတိရသောစိတ်ကြောင့်

ကြိုးဝိုင်းအတွင်းသို့ပင် မဝင်မိတော့ချေ။ ထိုးချင်သတ် ချင်စိတ်တို့ သည် အဒီလာနှင့်အတူ ပါသွားပြီ ထင်ပါသည် ။

မှတ်မှတ်ရရ အဒီလာ အိမ်ပြန်သွားသည့် တစ်လပြည့်သောနေ့တွင် သူ့ထံမှ စာတစ်စောင် ရောက်လာခဲ့ပါသည် ။

## အခင်မင်ဆုံး ဘယ်နီ

စာကြည့်တိုက်ထဲမှာ ရှင်တစ်ယောက်တည်းစကားပြောနေသလို နှုတ်က တရွရွလုပ်နေတဲ့ အချိန် ရှင့်အနားကို ကျွန်မ ရောက်လာခဲ့တဲ့ နေ့ကို ရှင်မှတ်မိမယ် ထင်ပါတယ်။ ရှင်တစ်ယောက်တည်း စကား ပြောနေတယ်ထင်လို့ ကျွန်မက သော်.. ဒီလူကတော့ ကြိုးဝိုင်းထဲမှာ ခေါင်းကို အထိုးခံရဖန်များ လို့ ဂေါက်သွားပြီ ထင်ပါရဲ့ လို့ အောက်မေ့ခဲ့တာ။ နောက်တော့မှ သိခဲ့ရတယ်၊ ရှင်က စိန့်ဩဂတ်စတင်းရဲ့ အဆိုအမိန့်တွေကို နှုတ်တိုက်ရအောင် ကျက်နေတာကိုး။ 'ဘုရား သခင်က လူသားတိုင်းကို ချစ်တယ်။ တစ်ယောက်ချင်းမကျန်ကို ချစ်တော်မူတယ်' ဆိုတဲ့ အဆိုအမိန့်ကို ရှင်ကျက်နေတာလေ။ ကျွန်မက ရှင့်ကို ခပ်လှမ်းလှမ်းက မြင်တာဆိုတော့ တစ်မျိုးမြင်တာပေါ့။ ဒါပေမဲ့ ရှင့်ကို စမြင်လိုက်ကတည်းက ရှင်ဟာ လူချောတစ်ယောက်၊ သိမ်မွေ့နူးညံ့သူရယ်လို့ ကျွန်မ မှတ်ချက်ပေးပြီးသားပါ။ အဲဒီနေ့က ရှင်ရှိတဲ့ နေရာကို ကျွန်မ ဘာကြောင့် ရောက်လာပါလိမ့်လို့ ရှင် တွေးနေမှာ ပါ။ တစ်ခါတလေမှာ လူတွေ မသိမမြင်နိုင်တဲ့ ဘုရား သခင်ရဲ့ စေစားမှုကြောင့် သူ့အလိုလို ရောက်သွားတတ်တာတွေ ရှိ ပါတယ်။ လူတွေရဲ့ ချစ်ခြင်းလို ဘုရားသခင်ရဲ့ ချစ်ခြင်းက မပူလောင်စေပါဘူး။ ဒါကို သဘောတူလား ဘယ်နီ။ ကျွန်မကတော့ ဘုရား

သခင်ရဲ့ ချစ်ခြင်းကို လိုလားပါတယ်။ ရှင်တစ်ယောက်တည်း လွမ်းနေတဲ့ အချိန်မှာ ဘုရားသခင်ရဲ့ ချစ်ခြင်းကို တွေးနေပါ ဘယ်နီ။ ဒါပေမဲ့ ရှင်ကတော့ ကျွန်မ ပြောတာနဲ့ ဆန့်ကျင်ပြီး တွေးနေမှာ ကျွန်မ သိပါတယ်။ ဒီစာကတော့ ရှင့်ကို ဘုရားသခင်ရဲ့ လမ်းမှာ လိုက်စေဖို့ နှိုးဆော်တဲ့ အနေနဲ့ ကျွန်မ ရေးလိုက်တာပါ။ ရှင်ကတော့ အရာရာကို တော်လှန်ချင်စိတ်ရှိသူဆိုတော့ နားဝင်မယ်လို့ မမျှော်လင့်ပါဘူး။ ကျွန်မလေ.... နောက်တစ်နေ့မှာ အဖေ လာခေါ်တော့မှာ သိနေတဲ့ အတွက် ရှင့်ပွဲကို မကြည့်တော့ဘူးလို့ နေခဲ့တာပါ။ ဒါပေမဲ့ စိတ်မထိန်းနိုင်တဲ့ အဆုံး ရောက်လာခဲ့ရတယ်။ ရှင် အဲဒီနေ့က ထိုးတာ ဟိုတစ်ယောက်တော့ တော်တော်နာမှာပဲ။ ရှင်နိုင်သွားတော့ ကျွန်မ ဝမ်းသာလွန်းလို့ ငိုမိပါတယ်။ ဘယ်နီရယ်... ကျွန်မအတွက် ဘုရားသခင်ထံမှာ ဆုတောင်းပေးပါ။ ရှင် ခင်မင်တဲ့ စစ္စတာ အဒီလာက ခုတော့ ဇနီးမယား တစ်ယောက်ဘဝကို ရောက်သွားပါပြီ။

**သစ္စာတရားဖြင့်**
**ပဏ္ဍိတကုမ္မာရီ**
**(မစ္စစ်ဂျိုင်ဒွေ့ပ် ကူမာရီ)**

ထိုနှစ် နှောင်းပိုင်းဖြစ်သည့် ၁၉၃၈ ခုနှစ် ဇွန်လတွင် သူ ရန်ကုန်သို့ ထွက်လာခဲ့သည် ။ ဆိုင်ကလုန်းမုန်တိုင်းက ဘင်္ဂလားပင်လယ်အော် အထက်ပိုင်းသို့ ချင်းနင်းဝင်ရောက်စဉ် သူစီးလာသော သင်္ဘောမှာ အလူးအလဲခံနေရသဖြင့် ကုန်းပတ်အပေါ်ထပ်သို့ တက်ရောက်ကာ တွယ်ကပ်နေရသည် ။ မုန်တိုင်းမွှေသမျှကို ကုတ်ကတ်ခံနေရင်း အိန္ဒိယတွင် သူ လေလွင့်နေသောကာလများကို သတိရမိသည် ။ အဒေါ်များ နှင့် အတို

က်အခံလုပ်ကာ သူယုံကြည်ရာ စိန့်ဩဂုတ်စ်တင်း ဘာသာသို့ ကူးပြောင်းခဲ့သည် ။ မုန်တိုင်းငြိမ်သက်သွားချိန်တွင် သင်္ဘောသည် ရန်ကုန်မြစ်ဝသို့ ရောက်နေပြီဖြစ်ကြောင်း တွေ့လိုက်ရ၏။

ဆိပ်ကမ်းတွင် ရန်ကုန်အခြေစိုက် ဆန်ရောင်းဝယ်ရေးလုပ်ငန်း တစ်ခုဖြစ်သော ဘီအီးမေယာကုမ္ပဏီမှာ သူ့ညီအစ်ကိုဝမ်းကွဲတစ်ယောက် တည်ထောင်ထားသည့် လုပ်ငန်းဖြစ်သည် ကို တွေ့ရသည် ။ ကုမ္ပဏီဝန်ထမ်းတစ်ဦးဖြစ်သော အင်ဂလိုကပြားတစ်ဦးဖြစ်သည့် ဒ့ါက်ဝ့ါသ် ဆိုသူမှာ ဘယ်နီ တွေ့ဖူးသမျှ လူများ ထဲတွင် ချစ်တီးအကျဆုံးဖြစ်သည် ကို တွေ့ရ၏။ ဘယ်နီက သူ့သေတ္တာကို ကိုယ်တိုင်မ,သည် ကို တွေ့ရသော အခါ ဒ့ါက်ဝ့ါသ်က "အေးဗျာ ဘယ်သူကမှ ကျွန်တော့်ကို ခင်ဗျားက တကယ့် ဟဲဗီးဝိတ်ဆိုတာ ပြောပြမထားကြဘူး"ဟု အံ့ဩတကြီး ဆိုသည် ။ ကုန်းပေါ်ရောက်ချိန်တွင် ဘယ်နီက ကျွဲနှစ်ကောင်ဆွဲသော လှည်းတစ်စီးကို ငှားခဲ့၏။ (တချို့ခရီးသည် များကို မော်တော်ကားနှင့် လာကြိုကြသည် ကို မြင်ရသဖြင့် ဘယ်နီ အားကျမိပါသည် ။) "မစ္စတာ မေယာကတော့ ခင်ဗျားကို အလုပ် ချက်ချင်းဝင်စေချင်တာ။ သူက ခင်ဗျားကို စာရေး နေရာတော့ ခိုင်းမှာ မဟုတ်ဘူး ၊ ဆန်အိတ်တွေ တင်တဲ့ နေရာမှာ ကြီးကြပ်ဖို့ ခိုင်းမယ်ထင်တယ်" ဟု ဒ့ါက်ဝ့ါသ်က ဆိုသည် ။ "အဲဒီအလုပ်ကလည်း ပျင်းစရာတော့ မကောင်းပါဘူးဗျ။ လစာလည်း သိပ်တော့နည်းမှာ မဟုတ်ပါဘူး။ နေနိုင်ထိုင်နိုင် စားလောက်အောင်တော့ ပေးမှာပါ။ နေရမှာ ကတော့ လမ်းမတော်က ဝိုင်အမ် စီအေမှာ ပါ။ ဒါပေမဲ့ ခင်ဗျား နေချင်တဲ့ နေရာမှာ နေလို့ ရပါတယ်။ ဒီမှာ နေတဲ့ သူတွေက ပျော်ပျော်ပါးပါး နေတတ်တဲ့ သူတွေ များ ပါတယ်။ အတော်များများ ကတော့ ဗြိတိသျှအရာရှိတွေပဲ။ တချို့ကတော့ ကပြားတွေပေ့ါ။ ဒါနဲ့ ခင်ဗျားကရော အိန္ဒိယကပြားလား"

သူ ဘာလဲဆိုသည် ကို မပြောသင့်သေးဟု ယူဆသည် ။ ညနေခင်း မိုးဖွဲကလေးများကျလာ၍ လှည်းသမားက သံချေးတက်နေသော သွပ်ပြားဖြင့် ပြုလုပ်ထားသည့် လှည်းအမိုးကို မ,တင်နေရာ၊ ဒေါက်ဝေါ်သ်က ဝင်ရောက်ကူညီ ပေးနေသဖြင့် စကားပြတ်သွားသည် ။ ဘာပဲဖြစ်ဖြစ် ဘာလူမျိုးလဲ ဆိုသည် ကို မပြောသင့်သေးဟု သူက ယူဆသည် ။ သူ ဘာလူမျိုးဖြစ်သည် ဆိုသည် မှာ လည်း အရေးမကြီးဟု ယူဆပါသည် ။ ကုမ္ပဏီပိုင်ရှင် မစ္စတာ ဘီမေယာက ဂျူးဖြစ်သဖြင့် ဥပမာကောင်းတစ်ခု ပင် ဖြစ်ပါသည် ။ သို့သော် သူ့ကိုယ်သူ ဂျူးပါဟု တံဆိပ်ကပ်ပြောရမည် ကို သူဝန်လေးနေမိသေးသည် ။ သူ ဂျူးလူမျိုး ဖြစ်သည် ဆိုသည် မှာ လည်း ငယ်ဘဝကပင် ပြီးဆုံးသွားသကဲ့သို့ ဖြစ်နေသည် ။ သူကိုယ်တိုင် ဝန်ခံမှ သာ ဂျူးလူမျိုးဖြစ်သည် ကို သိနိုင်မည်ဖြစ်သော်လည်း သူသည် ပင်လျှင် ငယ်ဘဝကို ရေးရေးသာ မှတ်မိတော့သည် ။

ဒေါက်ဝေါ်သ်က ဘယ်နီအား သူ့လူဖြစ်အောင် စိတ်အားထက်သန်စွာ ကြိုးစားနေသည် ။ ဘယ်နီကမူ ရန်ကုန်ရောက်ခိုက် အစွမ်းကုန် လွတ်လပ်ရေးရကာ ထင်တိုင်းကြဲရန် စိတ်အားထက်သန်နေ၏။ နောက်ရက်သတ္တပတ်များ တွင် ဘယ်နီ နားလည်လာသည် မှာ အလုပ်ကြိုးစားလုပ်လျှင်၊ ဝိုင်အမ်စီအေမှ ပုဂ္ဂိုလ် များအား လေးလေးစားစား ဆက်ဆံတတ်လျှင်(ဝိုင်အမ်စီအေတွင် သူသည် အသက်အငယ်ဆုံး အဆောင်နေသူ ဖြစ်၏။)၊ ဒေါက်ဝေါ်သ်ကို အချိန်ပေး စကားပြောနိုင်လျှင် သူသည် ရန်ကုန်မြို့တွင် ကိုယ်တိုင်ကိုယ်ကျ ကျင်လည်နိုင် လိမ့်မည် ဆိုသည် ကို နားလည်လာခဲ့သည် ။ ထို့ကြောင့် အဆောင်တွင် ညစာ စားသောက်ပြီးချိန်၌ လမ်းမတော်မှ ထွက်ကာ ကမ်းနားလမ်းအထိ လမ်းလျှောက်လာသည် ။ ကမ်းနားလမ်းတစ်လျှောက်တွင် ဗြိတိသျှတို့ ဆောက်လုပ်ထားသော ရုံးအဆောက်အဦများ ၊ လူနေအိမ်များမှာ ကြီးကျယ်ခမ်းနားလှသည် ။ လေ

ပြည် လေညင်းတိုက်ခတ်နေသော ကမ်းနားလမ်းတစ်လျှောက် လျှောက်လာရင်း ရေငတ်လာသည် ။ အိန္ဒိယတွင် နေခဲ့စဉ်က ယခုကဲ့သို့ အပြင်မထွက်ခဲ့ခြင်းကြောင့် ပြင်ပဗဟု သုတ မရှိခဲ့ခြင်းကို နောင်တရမိသည် ။ ခုတော့ မြင်သမျှ အဆောက်အဦတို့ မှာ ရင်သပ်ရှုမော ဖြစ်နေသည် ။ လမ်းတစ်ဖက်တွင် ထိုင်နေကြ သူများမှာ ဆေးလိပ်ဖွားသူဖွာ၊ ကွမ်းဝါးဝါး ရှိနေကြသည် ။ တချို့ကလည်း သီချင်းသံပြိုင်ဆိုနေကြသည် ။ အိန္ဒိယ လူမျိုးတစ်ဦးက ရေခဲမုန့်ရောင်းနေပြီး မွတ်စလင်ကုန်စုံဆိုင်ရှင်ကမူ ကိုရ်အန်ကျမ်းစာကို အသံထွက် ရွတ်ဖတ်နေသည် ။ အမွှေးနံ့သာ၊ စည်သွတ်ဘူး၊ ထီး စသည့် ကုန်စည်ကြော်ငြာများ စွာကို တွေ့ရသည် ။ အလုပ်သမားများ ပျားပန်းခပ်သွားလာနေကြသကဲ့သို့ ဘတ်စ်ကားများ ၊ ဆိုက်ကားများ ၊ နွားလှည်းများ ၊ ဖိနပ်မစီးဘဲ ကြွနေကြသော ဘုန်းတော် ကြီးများကို တွေ့မြင်ရပြီး ထဘီကျပ်ကျပ်ဝတ်ဆင်ကာ သွားလာနေကြသော အမျိုးသမီးများ ၊ ရေအိုးရွက်လာကြသူများ အစရှိသည့် လူတန်းစားမျိုးစုံကို တွေ့မြင်ရသောအခါ သူ့ကိုယ်သူ ရှက်မိသည် ။ သူ အိန္ဒိယတွင် ဘာမျှမလေ့လာခဲ့မိ။

သူ ဘာသာပြောင်းမည်ဟု မပြောကြားမီကတည်းက အဒေါ်များက သူ့ကို မဲန်ဂိုးလိန်းနေအိမ်သို့ လာရန် ဖိတ်ခေါ်ခြင်းမပြုကြတော့ဘဲ အဆက်ဖြတ် သွားခဲ့ကြသည် ။ ရန်ကုန်သို့ ရောက်လာသည် ဆိုသည် မှာ လည်း စိတ်ညစ်ညစ်ဖြင့် လေလွင့်နေရာက ရောက်လာခဲ့ ခြင်းဖြစ်သည် ။ အမှန်ပြောရလျှင် ဗမာပြည် အကြောင်းကို သမိုင်းသင်တန်းများ တွင် သင်ကြားရသည် ထက် အနည်းငယ်မျှ ပိုသိသည် သာ ရှိသည် ။ ဗမာပြည်သည် လွန်ခဲ့သည့် ရာစုနှစ်များ စွာ သန်းနှင့်ချီ၍ ဖြစ်ကောင်းဖြစ်မည်)ကတည်းက တည်ရှိခဲ့သည် ။ လူမျိုးစုများ စွာ နေထိုင်ခဲ့ကြရာက အင်အားကြီးမားသော ဗမာများက ကြီးစိုးခဲ့သည် ။ ထိုသို့ ကြီးစိုးမှုကို မ

ကျေနပ်သော အခြားလူမျိုးစုများက ပုန်ကန်ခြားနားကြသည် ။ ယင်းသို့ မညီမညွတ်ဖြစ်နေကြသည် ကို ဗြိတိသျှတို့ က ဝင်ရောက်သိမ်းပိုက်ပြီး လွန်ခဲ့သည့်ရာစု နှစ်ကတည်းက အုပ်ချုပ်ခဲ့ကြသည် ။ သူတို့ လေ့ကျင့်သင်ကြားထားသော ဝန်ထမ်းများ ၊ စစ်သည် တော်တို့ ဖြင့် အုပ်ချုပ်ခြင်းဖြစ်သည် ။ အခြားအုပ်စုများ ၏ အမည်နာမတို့ မှာ တိုင်းတစ်ပါးသားဖြစ်သည့် ဗြိတိသျှတို့ အတွက် ခေါ်ရခက်လှပါသည် ။ ရှမ်း၊ မွန်၊ ရိုဟင်ဂျာ၊ ကချင်၊ ကရင်၊ စသည့် အမည်နာမတို့ ကို အသံထွက်ရာတွင် နှစ်လုံးတွဲ အသံထွက်ရသည် ။ ရို-ဟင်-ဂျာ၊ က-ချင်၊ က-ရင် စသဖြင့် ဖြစ်သည် ။ ထို့ကြောင့် သူသည် ဗမာစကားကို ဝါကျတစ်ကြောင်းပြည့်အောင်ပင် မပြောနိုင်ချေ။ သို့သော် သူသည် ဘင်္ဂါလီစကားနှင့် ဟင်ဒူစတာနီစကားကိုမူ အနည်းငယ်ပြောနိုင်သည် ။ ဖြတ်သန်းသွားလာနေကြသော သူများ စကားပြောသွားကြလျှင် သူနားလည်သလိုလို ရှိတတ်သည် ။ ထိုသို့ ခံစားရသည် မှာ သူတို့ ၏ ခင်မင်ဖွယ်ကောင်းသော အပြုံးများ ၊ ပေါ့ပေါ့ ပါးပါးနေတတ်သော သူတို့ ၏ သဘာဝများ ၊ သူတို့ ကြားထဲတွင် လူစိမ်းဝင်လာ သည် ကို လက်ခံလွယ်သော သဘာဝများကြောင့်လည်း ဖြစ်မည် ထင်ပါသည် ။ သူ့အထင် ဗမာများ သည် မွန်ဂိုလီးယား၊ တိဘက်တို့ မှ ဆင်းသက်လာခြင်းဖြစ်မည် ထင်သည် ။ ရာစု နှစ်ပေါင်းများ စွာ သူတို့ ပိုင်ဆိုင်ခဲ့ကြသောနိုင်ငံကို တိုင်းတစ်ပါးသားများ လာရောက်အုပ်ချုပ်နေကြသည် ကို သူတို့ ခံနေကြရသည် ။ သို့သော် သူ့အမြင်တွင် ဗမာများ သည် သူတို့ မြေကို သူတို့ ချစ်နေကြဆဲပင်။

ညနေခင်းများ တွင် လမ်းမတော် ဝိုင်အမ်စီအေ၌ အပန်းဖြေနေကြစဉ် ဒေါ့က်ဝေါ့သ်က "အသုံးမကျတဲ့ ကောင်တွေကွာ"ဟု မကြာခဏ ညည်းလေ့ရှိပါသည် ။ ညစာစားပြီးကြချိန်တွင် အဆောင်နေသူများက

ညှော်ခန်းအတွင်း ဝိုင်းဖွဲ့ကာ ကော့ညက်အရက်သောက်ကြရင်း စကားဝိုင်းဖွဲ့ တတ်ကြသည် ။ (ကော့ ညက်အရက်ကို ဘယ်နီအဖေ တာဝန်ထမ်းဆောင်ခဲ့သော အီးဆော်လမွန် အင်ဆန်းစ်မှ ဝယ်ယူကြသည် ဟု နောင်တွင် သိရသည် ။) စကားဝိုင်းအစတွင် သူတို့ ပြောလေ့ပြောထရှိသည်မှာ မိန်းကလေးများ အကြောင်း၊ နိုင်ငံရေး အကြောင်း၊ ဗြိတိသျှအင်ပါယာ၏ ကြီးကျယ်ခမ်းနားမှု၊ ဗမာပြည်ကို အုပ်ချုပ် ထားသည် မှာ တိကျလှသော ဆွစ်နိုင်ငံထုတ် နာရီကဲ့သို့ စနစ်ကျလှပုံ စသည့် ဘုန်းတော်ဘွဲ့များ ပင် ဖြစ်သည် ။

တစ်ညတွင် ဝိုင်းဖွဲ့စကားပြောနေကြရင်း "တရုတ်နဲ့ မတူဘူးဗျ။ ဂျပန်နိုင်ငံက မန်ချူးရီးယားတွေကို အမြစ်ဖြုတ်လိုက်တာကြည့်။ ဟစ်တလာကတောင် ဂျပန်တွေကို မျက်နှာသာပေးနေတာ အလကားမထင်နဲ့နော"ဟု ဝင်ပြောခဲ့သည် ။

ဘယ်နီက ဒေါက်ဝေါ်သ် ကို ခန့်မှန်းရခက်သော လူတစ်ယောက်ဟု မြင်မိ သည် ။ ပျော်ပျော်နေတတ်သည့် လူတစ်ယောက်ဖြစ်သော်လည်း တစ်ခါတစ်ရံတွင် ဘာမဟုတ်သည့်ကိစ္စနှင့်ပင် စိတ်တိုတတ်သူလည်း ဖြစ်နေပြန်သည် ။ သူသည် အကြောင်းမဲ့ သူ့လက်ကို သွေးစွန်းခံမည့်သူ မဟုတ်ဟု သုံးသပ်မိသည် ။ အစားအသောက် ကောင်းကောင်း စားတတ်သူဖြစ်သည့်ပြင် ဘရစ်ချ်ကစားရာတွင် လည်း တစ်ဖက်ကမ်းခပ်တော်သူ ဖြစ်နေပြန်သည် ။ လုပ်ငန်းခွင်တွင် ဗမာအများ စုက သူ့ကို တော်လှန်လိုစိတ် ရှိနေကြသည် ။

မကြာသေးမီ တစ်နေ့ကပင် နေ့လယ် လက်ဖက်ရည်သောက်ချိန် ခေတ္တနားခိုက် ဒေါက်ဝေါ်သ်သည် သူ့အပေါ်တွင် နှစ်နှစ်ကာကာမရှိသည် ကို ဘယ်နီ သိလိုက်ရသည် ။ ရုံးခန်းအတွင်း၌ သူတို့ နှစ်ယောက်တည်းသာ

ရှိနေခိုက် ဒေါက်ဝေါ့သ်သည် ခြေနှစ်ချောင်းကို ကုလားထိုင်တစ်လုံးပေါ်သို့ ပစ်တင်ကာ လက်ဖက်ရည် သောက်နေ၏။ ဘယ်နီက အောင်ဆန်းအမ ည်ရှိ ရန်ကုန် တက္ကသိုလ်ကျောင်းသားတစ်ဦးက ဗြိတိသျှအစိုးရကို တို က်ထုတ်ရန် ကြိုးစားနေကြောင်း စကားစလိုက်သည် ။ "ဒီကျောင်းသား ကတော့ ဗြိတိသျှကို တိုက်ထုတ်မယ့် မျိုးချစ်စိတ်ထက်သန်သူပဲ"ဟု ဘ ယ်နီက မှတ်ချက်ပြုလိုက်သည် ။ "ကျွန်တော်ကြားတာတော့ သူတို့ လူစု နေကြပြီတဲ့ ။ သူတို့ ခံယူချက်က ဗမာတွေကသာ အရှင်သခင်ဖြစ်ပြီး ဗြိ တိသျှတွေက နယ်ချဲ့ မကောင်းဆိုးဝါးတွေတဲ့ ။ အားလုံးကလည်း သူ့စ ကား လက်ခံကြသတဲ့ "ဟု ပြောပြလိုက်သည် ။ ဘယ်နီ ဆိုလိုသော " အားလုံး" ဆိုသည် မှာ မစ္စတာမေယာနှင့် သူအပါအဝင်ဟု အဓိပ္ပာယ် သ က်ရောက်စေသည် ။ ဘယ်နီက တမင်ရည်ရွယ်ချက်နှင့် ပြောလိုက်ခြင်း ပင်။ ရှိသမျှသော မွတ်စလင်များ ၊ အိန္ဒိယနိုင်ငံသားများ ၊ တရုတ်များ အ ပါအဝင်( သူတို့ သည် အချို့ ဗမာများ ထက်ပင် ရာစုနှစ်ပေါင်းများ စွာ စောကာ ဗမာပြည်တွင် နေထိုင်ခဲ့ကြသူများ ဖြစ်သည် ။) ပါဝင်လှုပ်ရှားကြတော့မည်။ ဘယ်နီ၏ မိတ်ဆွေ သစ်ဖြစ်သော ဒေါက်ဝေါ့ သ်မှာ အဖေအင်္ဂလိပ်၊ အမေဗမာတို့ မှ ပေါက်ဖွားလာသည့် ကပြားတစ် ယောက်သာဖြစ်သော်လည်း ဘယ်နီ စကားအဆုံးတွင် "ဒါ ဘယ်သူမှ ပို င်တဲ့ နိုင်ငံ မဟုတ်ဘူး "ဟု တုံ့ပြန်ခဲ့၏။ ထိုစကားကြောင့်ပင် ဘယ်နီ့ စိ တ်ထဲတွင် ဒေါက်ဝေါ့သ်သည် သတိထားရမည့်သူတစ်ဦးဟု မှတ်သားခဲ့မိသ ည် ။

ကပြားဖြစ်သော်လည်း ဒေါက်ဝေါ့သ်သည် ဗမာစိတ်မရှိပေ။ သူ့ရင်တွ င်း၌ ဗြိတိသျှနိုင်ငံသားများ နှင့် ပေါင်းကာ အကျိုးအမြတ်ရရှိရေးကိုသာ အာရုံရှိသည် ။ ဘယ်နီက အခါအခွင့်သင့်တိုင်း နိုင်ငံရေးဆွေးနွေးသော် လည်း သူက ရှောင်ထွက်ကာ အင်္ဂလိပ်လက်ဖက်ရည်(ထိုလက်ဖက်ခြော

က်မ႒ာသူ တကူး တက အိန္ဒိယမှ ဝယ်လာခဲ့ခြင်းဖြစ်သည် ) ကောင်းကြောင်းကိုသာ ပြောလေ့ရှိ၏။ သူသည် အမူအရာအားဖြင့်လည်း အင်္ဂလိပ်တို့ ၏ အမူအရာကို တတ်နိုင်သမျှ အတုယူပါသည် ။ ခြုံ၍ ပြောရမည်ဆိုလျှင် ဗြိတိသျှတို့ အနေဖြင့် ဗမာနိုင်ငံသား မည်သူ့ကိုမျှ ထိခိုက်နစ်နာစေလိုစိတ် မရှိသည် မှာ အမှန်ပင် ဖြစ်သည် ကို ဘယ်နီ ဝန်ခံရပေမည်။ သို့သော် လူချင်းယှဉ်ပါလျှင် အင်္ဂလိပ်တို့ က ထိပ်ဆုံးမှ နေရာယူထားပြီး သူတို့ နောက်တွင် အင်္ဂလိပ်ကပြားများ နေရာရသည် ။ အင်္ဂလိပ် တို့ က ဝင်ငွေအများ ဆုံးရပြီး သူတို့ နောက်တွင် ကပြားများက ရကြသည် ။ ထို့ပြင် သူတို့ မှာ ဘာသာရေးနှင့်ပတ်သက်၍ လည်း လွတ်လပ်ခွင့် အပြည့်အဝ ရကြသည် ပင်။

ဟစ်တလာက ဂျပန်များကို မျက်နှာသာပေးသည် ဆိုသည့် ဒေါက်ဝေါ့သ်၏ စကားကို မည်သူကမျှ ငြင်းချက်မရှိသည့်နောက်ပိုင်း ဖဲကစားနေကြရင်း ဒေါက်ဝေါ့သ်က "ငါပြောမယ် ကောင်လေး... မင်း လျှောက်လွှာတင်ပြီးပြီလား"

ဟု မေးလာသည် ။

"ဘာလျှောက်လွှာလဲ"ဟု အတူဖဲကစားနေသော ဂျိုးဇက်က ဝင်မေးလိုက်၏။ ဂျိုးဇက်မှာ သူတို့ နှင့် အလုပ်အတူလုပ်သူဖြစ်သည့်ပြင် ဝိုင်အမ်စီအေ တွင် လည်း နေထိုင်သူဖြစ်သည် ။

"ဘယ်နီက ငါတို့ ဆီမှာ လုပ်ရတာ သိပ်စိတ် မပါဘူးဖြစ်နေလို့ ဂျိုးဇက်ရေ့"

"ဒါကတော့ဗျာ....." ဘယ်နီက လက်ထဲတွင် ကိုင်ထားသောဖဲချပ်များ နှင့် သူ့မျက်နှာကို ကွယ်ရင်း ပြောလိုက်သည် ။

"နေစမ်းပါဦး၊ လျှောက်လွှာက ဘယ်ကိုတင်ရမှာ လဲ" ဂျိုးဇက်က စိတ်ဝင်တစား မေးလာသည် ။

"အကောက်ခွန်ဌာနပါ။ ဒီဌာနက ငွေရှင်တယ်လေကွာ။ ဒါပေမဲ့ မင်းက အပျင်းကြီးတဲ့ ကောင်ဆိုတော့ မင်းနဲ့ မကိုက်ဘူး။ ဘယ်နီကတော့ အလုပ်ကြိုးစားတယ်။ ပြီးတော့ သူ့ကို ယူနီဖောင်းအဖြူနဲ့ မင်း မြင်ယောင် ကြည့်စမ်း၊ တော်တော်လိုက်မယ်ကွ"

ဒေါက်ဝေါ်သ်ကတော့ သူ့ကို တမင်အရွဲ့တိုက်ပြောနေပြီဟု ဘယ်နီ ထင်ပါသည် ။ အကောက်ခွန်ဌာန အငယ်တန်းအရာရှိ ရာထူးနေရာကို လျှောက်ထားရန် တတွတ်တွတ်တိုက်တွန်းနေသည် ။ ဘယ်နီက ဗြိတိသျှတို့ ၏ နယ်ချဲ့ဝါဒ ကို လက်မခံခြင်းကသာ သူတို့ နှစ်ဦးကြား ကွဲပြားခြားနားမှု ရှိပါသည် ။

"ခင်ဗျားက ဘာဖြစ်လို့ ဒီလောက်တိုက်တွန်းနေတာလဲ။ မကြာခင်မှာ အင်္ဂလိပ်တွေ ပြေးရတော့မှာ ပဲ"

တစ်ခဏမျှ စကားမဆိုနိုင် ဖြစ်သွားသူက ဒေါက်ဝေါ်သ် ဖြစ်သည် ။ ဆေးလိပ်ကို ထောင်းထောင်းထသည် အထိ ဖွာလိုက်ပြီးနောက်မှ "မင်းပြဿနာ က မှန်တာလည်း ဖြစ်နိုင်တယ်၊ မှားတာလည်း ဖြစ်နိုင်တယ်။ ဘာတွေပဲ ဖြစ် နေဖြစ်နေ မင်းကို မကောင်းဆိုးရွားကတော့ ရှာတွေ့မှာ ပဲ ဘယ်နီ"ဟု ဆိုလိုက်တော့သည် ။

***

ဘယ်နီ အမှတ်မထင်ဘဲ ပါးပြင်ကလေး၊ လည်တိုင်နှင့် သွယ်ပျောင်း

သည့် လက်ချောင်းကလေးများ ၊ ရှည်လျားနက်မှောင်သည့် ဆံကေသာတို့ ကို မြင်တွေ့လိုက်ရသည် ။ သည် ပုံစံကို စစ္စတာ အဒီလာထံတွင် သာ သူ တွေ့ခဲ့ဖူး ပါသည် ။ နိုဝင်ဘာလ၏ တစ်ညနေခင်း မိုးရွာပြီးစအချိန် အားလပ်နေသဖြင့် ဟိုဟိုသည် သည် လျှောက်ရင်းက မထင်မှတ်ဘဲ တွေ့လိုက်ရခြင်းပင်။ လူပြတ်သည့် လမ်းနံဘေးမှာ မိန်းကလေးက ခပ် သုတ်သုတ်လျှောက်နေသည် ။ မိန်းကလေးက ဆာရီဝတ်ထားပြီး တစ်စုံ တစ်ခုကို စိတ်စောနေပုံလည်း ရ၏။ သူလျှောက်နေသောလမ်းမှာ ရွှေတိ ဂုံကုန်းတော်ဆီသို့ ဦးတည်နေသည် ။ မထင် မှတ်ဘဲ မိန်းကလေးနော က်သို့ သူလိုက်နေမိသည် ။ သူ လိုက်နေသည် ကို မိန်းကလေးက သတိပြုမိသွားဟန်ရှိပြီး ထိုကဲ့သို့ လိုက်လာသည် ကိုလည်း နှစ်မြို့ပုံမ ပေါ်ပေ။ ခပ်သုတ်သုတ်လျှောက်နေရင်း နောက်ကပါလာသော သူ့ကို လ ည်း လှည့်ကြည့်တတ်သည် ။ ဘုရားသို့ ဦးတည်နေသော ကွန်ကရစ်လမ်းမှ တစ်ဆင့် ဘုရားပေါ်တက်သော လှေကားထစ်များ ပေါ်သို့ မိန်းကလေးက ခပ်သုတ်သုတ်ပင် တက်သွားသည် ။ ရုတ်တရက် လှည့်ကြည့်လိုက်သည့် မိန်းကလေး၏ ကြောက်ရွံ့နေသော မျက်ဝန်းကို တွေ့လိုက်ရသည့်အခါ စစ္စတာ အဒီလာနှင့် လုံးဝ မတူသည် ကို သိလိုက် ရသည် ။ သူ စိတ်ဓာတ်ကျသွား၏။ မိန်းကလေးကလည်း ရွှေရောင် အောင်မှ တစ်ဆင့် ဘုရားပေါ်သို့ တက်သွားပြီ ဖြစ်သည် ။

"မင်းအရူးလား" ခပ်လှမ်းလှမ်းမှ သူ့အား လှမ်းမေးလိုက်သံ ကြားလို က်ရသည် ။ သူလှမ်းကြည့်လိုက်သောအခါ အိန္ဒိယအမျိုးသားတစ်ဦး သူ့ ဘက် မျက်နှာမူကာ ထိုင်နေသည် ကို တွေ့ရသည် ။ ပိန်ပိန်သွယ်သွယ်ဖြ စ်ပြီး ရန်လိုသည့်ဟန် မတွေ့ရပေ။ ထို့ပြင် သူ့ကိုကြည့်ရသည် မှာ တစ်စုံ တစ်ရာ အလိုမကျ ဟန် ပေါ်လွင်နေသည် ။ သူ့မေးခွန်းကြောင့် ဘယ်နီ ရှက်သွားမိ၏။ ထူးထူးခြားခြား ဝမ်းလည်း နည်းသွားမိသည် ။ "မင်းရူး

နေသလား"ဟု သူက အင်္ဂလိပ် ဘာသာစကားဖြင့် ထပ်မေးပြန်သည် ။ သူ့စကားသံအရ ဘင်္ဂါလီတစ်ယောက် ဖြစ်သည် ဟု ခန့်မှန်းနိုင်သည် ။

"ရှူးမိတာပါဗျာ" ဘယ်နီက ဖြေလိုက်သည် ။

"မင်းအဖေက ဘယ်မှာ အလုပ်လုပ်တာလဲ"

"ခွင့်လွှတ်ပါခင်ဗျာ..."

"ငါ့ ကို မင်းမိဘတွေဆီ ခေါ်သွားစမ်းပါ"

ထိုသူက ပြောပြောဆိုဆို လှေကားထစ်များမှ ဆင်းသက်ပြီး အနားသို့ ရောက်ရှိလာရာ သူ့ကိုယ်မှ ဆေးလိပ်အနံ့ ထောင်းထောင်းထနေသည် ။

"မင်းတော်တော်မိုက်တဲ့ ကောင်ပဲ။ သူ့အမေအတွက် ဘုရားမှာ မီးပူဇော်ဖို့ လာတဲ့ ကလေးတစ်ယောက်ကို ဘာကြောင့် အကြမ်းဖက်ချင်ရတာလဲ။ တကယ်ဆိုရင် မင်းလည်း သေသူတွေအတွက် မီးပူဇော်သင့်တာပဲ။ သေသူတွေက မင်းအပြုအမူကိုမြင်ရင် မင်းကို ဘယ်လောက် အထင်သေးကြမလဲ" သူ့မေးခွန်းများက တစ်ဆင့်ပြီးတစ်ဆင့် သူ့နှလုံးသားမှ ထွက်ပေါ်လာသော စကားများ ဖြစ်ဟန် တူပါသည် ။

ဘယ်နီက သူ့အပြုအမူကြောင့် ကွယ်လွန်သွားကြပြီဖြစ်သော မိဘနှစ်ပါးကို မထိခိုက်စေလိုပေ။ ထိုအဖြစ်အပျက်ဖြစ်ပွားပြီးနောက် လေးငါးညခန့် အကြာတွင် ဂျူးလူမျိုး အများ စုရှိမည့် ညဈေးဘက်သို့ ထွက်လာခဲ့သည် ။ ညဈေးမှာ အစည်ကားဆုံးအချိန် ဖြစ်နေသည် ။ ဘယ်နီ့ မျက်လုံးများက ဈေးသည် များကို ကြည့်နေရင်း ရှေးဟောင်းအဆောက်အဦများမှ သစ်သားဝရန်တာ များကိုလည်း ကြည့်နေမိသည် ။ သူ့အဖေက တစ်နေ့နေ့တွင် ဤအဆောက်အဦ တို့ မှာ မီးရှို့ခံရလိမ့်မည်ဟု ဟောကိ

န်းထုတ်ခဲ့ဖူးသည် ။

လမ်းထဲသို့ ဆက်လျှောက်သွားသောအခါ အီးဆော်လမ္ပွန်ဟု ဆိုင်းဘုတ်တပ်ထားသော အခန်းတစ်ခန်းကို တွေ့ရ၏။ ညဖြစ်၍ ပိတ်ထားသည် ။ ဆိုင်အပြင် အဆင်အရ စီးပွားရေး ကျဆင်းနေပုံလည်း ရသည် ။ ဖုန်များ ပေရေနေသော ပြတင်းပေါက်မှန်မှ တစ်ဆင့် ချောင်းကြည့်လိုက်ရာ အရက်ပုလင်းမျိုးစုံနှင့် ဝီစကီပုလင်းများကို တွေ့ရ၏။ သူ အဖေ့ကို ဝိုင်းကူစဉ်ကာလက လိမ္မော်ရည် ပုလင်း ဆုချခံရသည် ကို သတိရမိသည် ။ ထိုစဉ်က ပုလင်း၏ လည်ပင်းတွင် ဖန်ဂေါ်လီလုံးပါရှိပြီး လိမ္မော်ရည်ကို ပုလင်းလိုက်မော့ချသည့်အခါ ဖန်ဂေါ်လီ လုံးကလေးကို ဖြတ်စီးလာသည့်အသံမှာ နားဝင်ချိုလှ၏။ ဒယ်ဒီသည် အီးဆော်လမ္ပွန်ဆိုင်တွင် ငွေကိုင်ချုပ်ဖြစ်သည် ။ ထိုစဉ်က အီးဆော်လမ္ပွန်ကုမ္ပဏီမှာ ဗြိတိသျှရေတပ်အတွက် အချိုရည်နှင့် ရေခဲတို့ ပေးသွင်းရပြီး စက်ရုံမှာ ကမ်းနားတွင် ရှိ၏။ ဒယ်ဒီက "ရေတပ်မတော်က ဒယ်ဒီတို့ ကို အကာအကွယ်ပေးထားတာ ဘယ်နီ၊ ပြီးတော့ ဒီလောက်ပူတဲ့ ရာသီဥတုကို သူတို့ ခံနိုင်အောင် ဘယ်လိုလုပ်နေကြသလဲ သိလား၊ ဒယ်ဒီတို့ ရေခဲစက်ကထွက်တဲ့ ရေခဲတွေနဲ့ သူတို့ နေသာအောင် လုပ်ထားတာ"ဟု လည်း ပြောပြခဲ့ဖူးသည် ။

စစ်ကဲ မောင်ထော်လေးလမ်း(ယခု ဗိုလ်ဆွန်ပက်လမ်း)ထောင့်သို့ ရောက်ချိန်တွင် ဘယ်နီက သူတို့ နေခဲ့ဖူးသော နှစ်ထပ်တိုက်ဟောင်းကို မော့ကြည့်မိသည် ။ တိုက်အောက်၌ ဘယ်နီက အခြားကလေးများ နှင့် ကစားနေလျှင် မာမာက ဝရန်တာမှ သူ့ကို စောင့်ကြည့်လေ့ရှိသည် ။ မာမာက သူ့ကို မျက်စိအောက်က အပျောက်မခံ ချစ်သည် ။ သူ့မျက်ခုံးထက်သို့ မာမာ၏ နွေးထွေးသော နှုတ်ခမ်းများ နှင့် ထိကပ်ကာ နမ်းလေ့ရှိသည် ။ သို့သော် မာမာက တရားကိုလည်း လက်မလွှတ်စေရန် အမြဲသတိ

ပေးတတ်ပြန်ပါသည် ။ "ဘယ်နီ... လူဆိုတာ ကိုယ့်တစ်ဘို့တည်းအတွက် မစဉ်းစားရဘူး။ တိရစ္ဆာန်တွေကသာ သူတို့ တစ်ဘို့တည်းအတွက် စဉ်းစားတာ။ ကိုယ့်ထက် ကုသိုလ်ကံ မကောင်းကြရှာတဲ့ သူတွေအတွက် မစဉ်းစားခြင်းဟာ လောကမှာ အကြီးမားဆုံး အပြစ်ပဲ"ဟု ဆုံးမခဲ့သည် ။ မာမာသည် ရက်ရောသည် ။ အလှူအတန်း အပေးအကမ်း အမြဲရှိ၏။ ကြိမ်ဖန်များ စွာ မရှိဆင်းရဲသားများ အတွက် သစ်သီးဝလံတို့ ကို ခြင်းတောင်းများ နှင့်ထည့်ကာ လှူတတ်သည် ကို ဘယ်နီ မှတ်မိသည် ။ မိတ်ဆွေများ ထဲမှ နာမကျန်းသူများ ရှိပြီဆိုလျှင် မာမာသည် ဖယောင်းတိုင်များ မီးထွန်းကာ အမြန်ဆုံး ပြန်လည် ကျန်းမာလာစေရန် ဆုတောင်းပေးလေ့ရှိသည် ။ မာမာသည် အသံချိုချို ကလေးနှင့် သီချင်းဆိုကောင်းသူလည်း ဖြစ်သည် ။

ဘယ်နီ၏ ခြေထောက်များက လမ်းကျဉ်းတစ်လမ်းဖြစ်သော ၂၆ လမ်းဆီသို့ ဦးတည်လာခဲ့သည် ။ မည်းမှောင်နေသော လမ်းထဲတွင် ဂျူးသင်္ချိုင်းကို ခပ်ရေးရေး တွေ့မြင် ရ၏။ သူ ငယ်စဉ်အခါက အဘိုးဖြစ်သူက တစ်နေ့တွင် လူသားအားလုံးသည် ဤနေရာ၌ ခိုလှုံကြလိမ့်မည်ဟု ဆုံးမခဲ့သည် ကို သတိရမိ သည် ။ သင်္ချိုင်းအတွင်း ဝင်လိုက်သောအခါ မှောင်ပျပျတွင် ထီးထီးကြီးရှိသော သစ်ပင်ကြီးတစ်ပင်ကို တွေ့လိုက်ရပြီး ထိုသစ်ပင်အောက်တွင် မာမာကို မြှုပ်နှံခဲ့ကြကြောင်း သတိရမိသည် ။ ဘယ်နီ အရောက်သွားလိုက်ပြီး ခေါင်းရင်းဘက်မှ ကျောက်ပြားကို စမ်းကြည့်လိုက်သည် ။ ကျောက်ပြားတွင် ဟီဘရူးဘာသာဖြင့် ထွင်းထုထားသည် ကို တွေ့ရသည် ။ မာမာ့ရင်ခွင်ကို တိုးဝင်သည့်အလားကျောက်ပြားကို သူ ပါးဖြင့် အပ်ထားလိုက်သောအခါ "သား ဘယ်နီ၊ သား အနားမှာ မာမာရှိပါတယ်"ဟု ဆိုလိုက်သယောင် ခံစားလိုက်မိ၏။

အချိန်ကြာမြင့်စွာ သင်္ချိုင်းဂူကို မှီ၍ နေမိသည် ။ သူ့ရင်တွင်း၌

ငြိမ်းချမ်းမှုကို ခံစားနေရသည် ။ ငှက်ကလေးများ အသံကြားရချိန်မှ သူသတိဝင်လာမိ၏။ နံနက် အရုဏ်တက်ခဲ့ပေပြီ။ ကောင်းကင်ယံမှ တိမ်များကို ငေးမောနေ ဆဲတွင် သူ့အပါးသို့ ကျောက်ခဲတစ်လုံး ကျရောက်လာသဖြင့် ကြည့်လိုက်ရာ သချိုင်းစောင့်တစ်ဦးက ထုလိုက်ခြင်းဖြစ်ကြောင်း တွေ့ရသည် ။ "ဟေ့ ကုလား ... မင်း ဒီမှာ လာခိုးလို့ ကတော့ ဘာမှ ရမှာ မဟုတ်ဘူး ။ သွား ..သွား .."ဟု နှင်ထုတ်လေသည် ။

*****